# မန်ယူအသင်းမှ ဘရာဇီးနောက်ခံလူ တဲလ်လက်စ် ဆော်ဒီကလပ် အယ်လ်နားဆားအသင်းသို့ ပြောင်းရွှေ့

ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်ဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်နားဆားအသင်းကို အမြဲတမ်းပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိ တဲလ်လက်စ်ဟာ ဇန်နဝါရီလအတွင်းက ဆော်ဒီပရိုလိဂ်ကို ပြောင်းရွှေ့သွားခဲ့တဲ့ မန်ယူအသင်း ကစားဖော်ဟောင်းတစ်ဦးဖြစ်တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရှိရာ အယ်လ်နားဆားအသင်းဆီ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပေမယ့် လက်ရှိအချိန်အထိ စာချုပ်သက်တမ်းနဲ့ လုပ်ခလစာနဲ့ပတ်သက်ပြီး အတည်ပြုနိုင်ခြင်းမရှိသေးတာဖြစ်ပါတယ်။




ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက ပေါ်တိုအသင်းကနေ မန်ယူအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၁၃ ဒသမ ၆ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၅၀ ပါဝင်ကစားပေးခဲ့ကာ ပြီးခဲ့တဲ့ဘောလုံးရာသီကတော့ ဆီဗီလာအသင်းဆီ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့ရတာဖြစ်ပါတယ်။

ဆော်ဒီပရိုလိဂ်ဟာ နာမည်ကြီးကစားသမားတွေဖြစ်တဲ့ စီရိုနယ်လ်ဒို၊ ဘင်ဇီမာတို့လို ကစားသမားတွေခေါ်ယူနိုင်ခဲ့တဲ့အပြင် အခုအပြောင်းအရွှေ့ကာလအတွင်းမှာလည်း ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားတွေထဲမှာပါဝင်တဲ့ ချယ်လ်ဆီးအသင်းမှ ကန်တီ၊ လီဗာပူး တိုက်စစ်မှူး ဖာမီနိုတို့ကို ခေါ်ယူနိုင်ခဲ့ကာ လက်ရှိနောက်ဆုံးခေါ်ယူထားတာကတော့ တဲလ်လက်စ်ပဲဖြစ်ပါတယ်။

ဘရာဇီးနောက်တန်းကစားသမား တဲလ်လက်စ်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စပိန်လာလီဂါကလပ် ဆီဗီလာအသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားစဉ်မှာ ဆီဗီလာအသင်းနဲ့အတူ ယူရိုပါလိဂ်ဖလားကို ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

# လက်စတာစီးတီးကွင်းလယ်ကစားသမား ဟာဗေးဘားနက်စ်အား နယူးကာဆယ်အသင်းက ပေါင် ၃၈ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူ




နယူးကာဆယ်အသင်းဟာ လက်စတာစီးတီးအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဟာဗေးဘားနက်စ်ကို ပေါင် ၃၈ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ်တစ်ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသေးတဲ့ အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဟာဗေးဘားနက်စ်ဟာ နယူးကာဆယ်အသင်းနဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ တိုက်စစ်မှူး ယန်ကူဘာမင်းတက်နဲ့ ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနာလီတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် ဟာဗေးဘားနက်စ်ဟာ နယူးကာဆယ်အသင်းက ခေါ်ယူခဲ့တဲ့ တတိယမြောက်ကစားသမားဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

နယူးကာဆယ်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယား အဆင့် လေးနေရာမှာ ရပ်တည်နိုင်ခဲ့တာကြောင့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိတော့မှာဖြစ်ပြီး နယူးကာဆယ်အသင်းအနေနဲ့ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်ကို ပထမဆုံးဝင်ခွင့်ရရှိတော့မှာလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ လက်စတာစီးတီးအသင်းဟာ ပရီမီယာလိဂ်ကနေ ချန်ပီယံရှစ်ဆီ တန်းဆင်းသွားခဲ့ပြီဖြစ်တာကြောင့် ဟာဗေးဘားနက်စ်ဟာ ချန်ပီယံရှစ်ကို တန်းဆင်းသွားခဲ့ပြီးနောက် လက်စတာစီးတီးအသင်းကနေ နောက်ဆုံးထွက်ခွာသွားတဲ့ ကစားသမားလို့လည်း ဆိုရမှာဖြစ်ပါတယ်။

# အဲဗာတန်အသင်းက ဗီလာရီးယဲတောင်ပံကစားသမား ဒန်ဂျူမာကို အငှားစာချုပ်ဖြင့် ခေါ်ယူ

အဲဗာတန်အသင်းဟာ ဗီလာရီးယဲလ်အသင်းမှ နယ်သာလန်တောင်ပံကစားသမား ဒန်ဂျူမာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။




နယ်သာလန်အသင်းရဲ့ အားထားရတဲ့ တောင်ပံကစားသမား ဒန်ဂျူမာဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက အဲဗာတန်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ သဘောတူညီခဲ့ပေမယ့် နောက်ပိုင်းမှာတော့ စပါးအသင်းဆီကိုသာ ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဒန်ဂျူမာဟာ စပါးအသင်းနဲ့အတူ ပွဲစဉ်ကိုးပွဲ ပါဝင်ကစားခဲ့ပြီးနောက် ရာသီကုန်ချိန်မှာ စပိန်လာလီဂါကလပ် ဗီလာရီးယဲလ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဒန်ဂျူမာဟာ နယ်သာလန်လက်ရွေးစင် အသင်းနဲ့အတူ ခြောက်ပွဲပါဝင်ကစားပေးခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းက လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းရဲ့ အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# ရှမ်းယူနိုက်တက်အသင်း ကစားသမားသစ်များ ခေါ်ယူအားဖြည့်

ရန်ကုန် ဇူလိုင် ၂၃

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ရာသီဝက်အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ထိုင်းလိဂ်တွင် သွားရောက်ကစားခဲ့သည့် ကစားသမားဟောင်းဖြစ်သူ ဂိုးသမားမျိုးမင်းလတ်ကို ပြန်လည်ခေါ်ယူခဲ့သလို တိုက်စစ်ပိုင်းအတွက် ဂျပန်နိုင်ငံသား မိုတိုဟီရိုကို ခေါ်ယူအားဖြည့်ခဲ့ခြင်းဖြစ်သည်။ မျိုးမင်းလတ်သည် ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ရာသီအစထိ ရှမ်းယူနိုက်တက်အသင်းတွင် ပါဝင်ကစားခဲ့ပြီး ပြီးခဲ့သည့်နှစ်တွင် ထိုင်းလိဂ်-၁ ကလပ် ရတ်ချာဘူရီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းတွင် လက်ရွေးစင်ဂိုးသမား ကျော်ဇင်ဖြိုးနှင့် လူငယ်ဂိုးသမားနှစ်ဦးရှိသော်လည်း ဒဏ်ရာပြဿနာနှင့် အခြားကိစ္စရပ်များရှိပါက အစားထိုးနိုင်ရန် မျိုးမင်းလတ်ကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီအတွက် လေးဦးမြောက် နိုင်ငံခြားသားကစားသမားအဖြစ် မိုတိုဟီရိုကို ခေါ်ယူခဲ့သည်။ ၎င်းမတိုင်မီက နိုင်ငံခြားသားကစားသမားများအဖြစ် နောက်ခံလူ မိုကာလူး၊ ကွင်းလယ်တိုက်စစ်ကစားသမား မတ်ခ်ဆာကီနှင့် တိုက်စစ်မှူး ဘယ်လိုတို့ရှိထားပြီးဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုနှစ်တွင် ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးချန်ပီယံဆု ကာကွယ်နိုင်ရန်အပြင် AFC Cup ပြိုင်ပွဲလည်း ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် လိုအပ်သည့်နေရာများ အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရာသီမစမီက ကစားသမားသစ်များ ခေါ်ယူအားဖြည့်ခဲ့သလို ရာသီဝက်အပြောင်းအရွှေ့ကာလတွင်လည်း ကစားသမားသစ် ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းလိဂ်ဖြစ်သည့် MNL အမှတ်ပေးချန်ပီယံဆုကို နောက်ဆုံးငါးရာသီအတွင်း လေးကြိမ်အထိ ရယူထားနိုင်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - SUFC**




ကစားသမားသစ် မျိုးမင်းလတ်ကို ရှမ်းယူနိုက်တက်အသင်း အမှုဆောင်အရာရှိချုပ် ဦးရဲမျိုးထွန်းနှင့်အတူ တွေ့ရစဉ်။

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

❖ စာမျက်နှာ ၁၈ မှ

ထို့အတူ ပါရဂူဘွဲ့သင်တန်းများအထိ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်အကြောင်းကို အသေးစိတ်သိရှိနိုင်ရန် www.utm.edu.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

B.M.T.M. ဘွဲ့ရပြီးနောက် ရရှိနိုင်သည့် အခွင့်အလမ်းများအနေဖြင့်-

❖ မိမိ၏ ကိုယ်ပိုင်တိုင်းရင်းဆေးခန်း/ဆေးရုံ ဖွင့်လှစ်ကုသနိုင်ခြင်း၊

❖ မိမိ၏ ကိုယ်ပိုင်တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်း၊

❖ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကြီးကြပ်သူအဖြစ် (သို့) အရည်အသွေး စစ်ဆေးသူ သုတေသီအဖြစ် ဆောင်ရွက်နိုင်ခြင်း၊

❖ တိုင်းရင်းဆေး တက္ကသိုလ်တွင် သင်ကြားရေးဆရာ/ ဆရာမအဖြစ် ဆောင်ရွက်နိုင်ခြင်း၊

❖ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ ကုသရေးတိုင်းရင်းဆေးရုံ/ ဆေးခန်းများတွင် ကုသရေးဆရာ/ ဆရာမအဖြစ်နှင့် သုတေသန/ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သုတေသီအဖြစ် တာဝန်ထမ်းဆောင်နိုင်ခြင်း၊

❖ ပြည်တွင်း/ ပြည်ပက တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ဘွဲ့လွန်အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးခွင့်တို့ရရှိနိုင်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က တိုင်းရင်းဆေးပညာကို အားပေးမြှင့်တင်လျက်ရှိပြီး အခြားဆေးနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်နှင့်အညီ တိုင်းရင်းဆေးနည်းစနစ်များ၊ သိပ္ပံနည်းကျရောဂါရှာဖွေရေးနည်းစနစ်များ၊ သုတေသနနည်းစနစ်များကို အခြားနိုင်ငံတကာ တိုင်းရင်းဆေးပညာရှင်များနည်းတူ ကျွမ်းကျင်တတ်မြောက်အောင် သင်ယူနိုင်ကြပြီဖြစ်ပါသည်။ ပြည်သူတို့၏ကျန်းမာရေးစောင့်ရှောက်မှုကို မြန်မာ့တိုင်းရင်းဆေးဖြင့် ထိထိရောက်ရောက် စောင့်ရှောက်မှုပေးနိုင်ရန်အတွက် တစ်ဆယ့်နှစ်လရာသီပန်းပေါင်းစုံ ပွင့်လန်းမွှေးထုံလျက် မန္တလေးတောင်ခြေမှာရှိသည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီးသို့ လာရောက်ကာ တိုင်းရင်းဆေးပညာရပ်များကို လက်တွေ့လေ့လာသင်ယူနိုင်ပါကြောင်း နိုင်ငံတစ်ဝန်းက မျိုးဆက်သစ်လူငယ်များကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုဖိတ်ခေါ်လိုက်ရပါသည်။ ။